## ရည်ရွယ်ချက်

➢ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် နိုင်ငံသားများမှ Passport for Job (PJ) နှင့် Passport for Seaman (PS) နိုင်ငံကူးလက်မှတ် အမျိုးအစားများ လျှောက်ထား/ သက်တမ်းတိုးခြင်းအတွက် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ပုံစံလျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များအား ရှင်းလင်းစွာသိရှိနိုင်ရန်ဖြစ်ပါသည်။

## စတင်အကျိုးသက်ရောက်သည့်ကာလ

➢ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ၁-၁၀-၂၀၂၃ ရက်နေ့မှစတင်၍ ပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် ဝင်ငွေခွန် တွက်ချက်ပေးဆောင်ရမည်ဖြစ်ပါသည်။




## ပေးဆောင်ရမည့်အခွန်နှုန်းထား

➢ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် နိုင်ငံသားများမှ ပြည်ပတွင် ရရှိသည့်လစာဝင်ငွေအပေါ် နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါနှုန်းထားဖြင့် တွက်ချက်၍ ကြိုတင်ခွန်ပေးဆောင်ခြင်း (သို့မဟုတ်) စည်းကြပ်မှုခံယူခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## အခွန်တွက်ချက်ပုံ

➢ ပေးဆောင်ရမည့်အခွန်ကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm Home Page ရှိ လစာဝင်ငွေခွန် တွက်ချက်ရန် (ပြည်ပနေနိုင်ငံသား) Menu Link (သို့မဟုတ်) https://paye.ird.gov.mm မှတစ်ဆင့်ဝင်ရောက် တွက်ချက်ကြည့်နိုင်ပါသည်။



## အခွန်ပေးဆောင်ရမည့်နည်းလမ်း

➢ ဝင်ငွေခွန်အား သက်ဆိုင်ရာနိုင်ငံ၏သံရုံး သို့မဟုတ် ကောင်စစ်ဝန်ချုပ်ရုံးတွင်လည်းကောင်း၊ သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အခွန်ဥပဒေအရ လည်းကောင်း ပေးဆောင်ထားပါက ပေးဆောင်ထားသည့် အထောက်အထားအရ ပေးဆောင်ရမည့်ဝင်ငွေခွန်ပမာဏမှ ပေးဆောင်ခဲ့သည့် ပမာဏကို ခုနှိမ်တွက်ချက်ပြီး ပေးဆောင်ရန်ကျန် အခွန်ပေါ်ပေါက်ပါက ထပ်မံပေးသွင်းရမည်ဖြစ်ပါသည်။

## အခွန်ပေးသွင်းပုံနည်းလမ်း

➢ Passport for Job (PJ) နှင့် Passport for Seaman (PS) နိုင်ငံကူးလက်မှတ်အမျိုးအစား သက်တမ်းတိုးမြှင့်လိုသည့် နိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးမှ အခွန်ပေးဆောင်ခြင်းဖြစ်ပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ဝင်ငွေခွန်နည်းဥပဒေများ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ(ဇ)၊ နည်းဥပဒေခွဲငယ်(၁) နှင့်အညီ ဝင်ငွေကြေညာလွှာတင်သွင်းပြီး အပြီးသတ်စည်းကြပ်မှု ခံယူရမည်ဖြစ်ပါသည်။

➢ အခွန်ပေးသွင်းရာတွင် ဘဏ္ဍာငွေသွင်းချလန် ပတခ (၀င)-၀၂-၀၁ ဖြင့် လည်းကောင်း၊ အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်း၊ မိုဘိုင်းငွေပေးချေမှုနည်းလမ်း CBM-NET မှတစ်ဆင့်လည်းကောင်း၊ MPU Card ကို အသုံးပြု၍ Online မှတစ်ဆင့်လည်းကောင်း ပေးသွင်းနိုင်ပါသည်။



## ပြန်အမ်းခြင်း

➢ နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာဝင်ငွေအပေါ် သက်ဆိုင်ရာ နိုင်ငံ၏သံရုံး သို့မဟုတ် ကောင်စစ်ဝန်ချုပ်ရုံး၌ ဝင်ငွေခွန်ပေးသွင်းခဲ့သော အခွန်ထမ်းသည် ဝင်ငွေနှစ်ကုန်ဆုံးချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ဝင်ငွေနှစ်အတွင်း ဝင်ငွေမရှိကြောင်း သို့မဟုတ် ပေးဆောင်ထားသော အခွန်ငွေသည် စည်းကြပ်မှုအရ ကျသင့်အခွန်ငွေထက် ကျော်လွန်နေကြောင်း သိရှိရပါက ဝင်ငွေကြေညာလွှာနှင့်အတူ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများ ခိုင်လုံစွာတင်ပြပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ စည်းကြပ်မှုခံယူ၍ လစာဝင်ငွေခွန် ပြန်အမ်းငွေ ပြန်လည်တောင်းခံနိုင်ပါသည်။

## အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်လျှောက်ထားခြင်းကို လက်ခံဆောင်ရွက်ပေးမည့်ရုံးများ

➢ ရန်ကုန်တိုင်းဒေသကြီး

- ရန်ကင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊
- ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊
- အင်းစိန်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊
- ဒေါပုံမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး။

➢ မန္တလေးတိုင်းဒေသကြီး

- မဟာအောင်မြေမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊
- ချမ်းမြသာစည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး။

➢ ကျန်တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေတို့တွင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ။

## အခွန်ကင်းရှင်းကြောင်းထောက်ခံချက် လျှောက်ထားသူများက ဆောင်ရွက်ရမည့်ကိစ္စရပ်များ



➢ Passport for Job (PJ) နှင့် Passport for Seaman (PS) နိုင်ငံကူးလက်မှတ်အမျိုးအစား သက်တမ်းတိုးမြှင့်လိုသည့် နိုင်ငံသားများအနေဖြင့် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်လာရောက်လျှောက်ထားရာတွင် ရုံးခွန်ကပ်တံဆိပ်ခေါင်း ၅၀ ကျပ်တန် ကပ်နှိပ်ထားသော လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအထောက်အထားများအား သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးများတွင် ပူးတွဲတင်ပြရမည်ဖြစ်ပါသည်-

- နိုင်ငံကူးလက်မှတ်အတွက် အထောက်အထား၊
- နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
- အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊
- လစာဝင်ငွေဆိုင်ရာအထောက်အထား (ဥပမာ-သင်္ဘောသားဖြစ်ပါက Portage bill)၊
- အလုပ်နှင့်စပ်လျဉ်းသည့် အထောက်အထား (Contract/ Appointment)၊
- Oversea Worker Identification Card (OWIC) အမှတ် သို့မဟုတ် Continuous Discharge Certification (CDC)/ Seafarer Identification Record Book (SIRB) အမှတ်အတွက် အထောက်အထား၊
- ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေဇယား ၁၊ စဉ် ၄၈ အရ ထိုက်သင့်တံဆိပ်ခေါင်းခွန် ကပ်နှိပ်ထားသော ကိုယ်စားလှယ်လွှဲစာ။

➢ အခွန်ထမ်းအနေဖြင့် အခွန်ကင်းရှင်းကြောင်းထောက်ခံချက်ပုံစံ ပျောက်ဆုံးသွားပါက အမည်၊ Passport No.၊ TIN No.၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ကတိခံဝန်တို့ဖြင့် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားခြင်းအား တစ်ကြိမ်သာလျှင် လျှောက်ထားခွင့်ရှိပါသည်။

## ကျေးဇူးတင်လွှာ

နိုင်ငံတော်အစိုးရသည် အခွန်အကောက်ရငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့်အညီ ကျသင့်အခွန်များအား နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝအခွန်ပေးဆောင်ကြသော ပြည်ပနေနိုင်ငံသားများအား အထူးကျေးဇူးတင်ရှိပါသည်။

-




**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်)၊ အမှတ် ၁၂၈/ ၁၃၂၊ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၈-၃၈၉၃၁၁၊ ဖုန်း- ၀၁- ၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း- ၀၂- ၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www.ird,gov.mm သို့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

**ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် နိုင်ငံသားများမှ Passport for Job (PJ) နှင့် Passport for Seaman (PS) နိုင်ငံကူးလက်မှတ်အမျိုးအစားများ လျှောက်ထား/သက်တမ်းတိုးခြင်းအတွက် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ပုံစံ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုက်နာ ဆောင်ရွက်ကြရမည့်အချက်များ**




၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင် ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

Internal Revenue Department

Office Building No.(46), Nay Pyi Taw

https://www.ird.gov.mm

"Tax by the Law, Service by our Heart"